ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ် (၆၀ / ၂၀၁၄ )**
**နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်**
**( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ လ ၃၀ ရက် )**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အမိန့်အမှတ် (၅/၂၀၁၁)ဖြင့် မြန်မာ-တရုတ် နယ်စပ်ဒေသများနှင့် မြန်မာ-အိန္ဒိယ နယ်စပ်ဒေသ၊ အမိန့်အမှတ် (၆/၂၀၁၁)ဖြင့် မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် နှစ်နိုင်ငံသုံးငွေကြေးနှင့် အမေရိကန်ဒေါ်လာတို့ဖြင့် ရောင်းဝယ်ခွင့်ပြုထားပြီး ရောင်းချသည့်ငွေကြေးဖြင့် အခွန်ပေးဆောင်ရန် ထုတ်ပြန်ထားခဲ့ပါသည်။

၃။ နယ်စပ်ဒေသများတွင် ကုန်သွယ်မှုနည်းလမ်းအလိုက် ဆောင်ရွက်ခွင့်ပြုသည့် ငွေကြေး၊ ဆောင်ရွက်ခွင့်ပြုသည့် ကုန်ပစ္စည်းများကို သတ်မှတ်ထားရှိပြီးဖြစ်သည့်အပြင် အခွန်ကောက်ခံခြင်းကိစ္စကို သက်ဆိုင်ရာဘဏ္ဍာရေးဝန်ကြီးဌာန၏ ဥပဒေအရ ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါသည်။ ထို့အပြင် သွင်းကုန်လိုင်စင်ကြေးကောက်ခံခြင်းကိုလည်း ကျပ်ငွေဖြင့် ကောက်ခံနေပြီဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လက်ရှိဆောင်ရွက်လျက်ရှိနေသော အခြေအနေနှင့် ကိုက်ညီခြင်းမရှိသဖြင့် ယခင်ထုတ်ပြန်ခဲ့သောအမိန့်အမှတ်(၅/၂၀၁၁)နှင့်(၆/၂၀၁၁)တို့ကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ပယ်ဖျက်လိုက်သည်။

ပုံ

ဝင်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စာအမှတ် ၊ စက-၁၄ / ၁ (၃) - ၂၀ / ၂၀၁၄ ( ၄ )
နေပြည်တော် ၊ ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
၂၀၁၄ ခုနှစ် ၊ စက်တင်ဘာလ ၃၀ ရက်

\\172.16.129.11\d\Section(1)\2014 Office Letter\September\Khaing\New Letter.docx

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဥက္ကဋ္ဌ ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်

အမိန့်အရ

( ဦးဟန် )
ရုံးအဖွဲ့မှူး